# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၇ ခုနှစ်အတွင်း ထင်ရှားသည့် အဖြစ်အပျက်အချို့ကို ပြုစုပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၉) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၇ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ် ၇၀ ပြည့် စာပေဗိမာန်၊ မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာ၊ မြန်မာ့ရှေးဟောင်းဆည်ကြီးများ၊ ရာသီတုပ်ကွေးရောဂါ၊ အာဆီယံ နှစ် ၅၀ ခရီး၊ နိုင်ငံတကာအကြမ်းဖက်မှုအန္တရာယ်များဟူသည့် အကြောင်းအရာတို့ကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသောအကြောင်းအရာများသည် ၂၀၁၇ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြောင်းအရာများ ဖြစ်ပါသည်။ အကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များနည်းတူ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနှင့်နိုင်ငံတကာတွင် ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ- စွယ်စုံနှစ်ချုပ် ၂၀၁၇) နှင့် စာမျက်နှာအမှတ်ကိုဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၇ ခုနှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းအရာနှင့်ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈)

## မာတိကာ


ဤကျမ်းကိုမရှုစားမီ

**အပိုင်း (၁)**

| | | |
|---|---|---|
| ၂၀၁၇ ခုနှစ်ဖြစ်ရပ်များ | | ၁ |

**အပိုင်း (၂)**

| | | |
|---|---|---|
| နှစ် ၇၀ ပြည့် စာပေဗိမာန် | ချိုမြနွယ် | ၉၁-၁၀၀ |
| မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာ | မနုဿကျော်ဝင်း | ၁၀၁-၁၀၆ |
| မြန်မာ့ရှေးဟောင်းဆည်ကြီးများ | ထိန်လင်း (မန်းတက္ကသိုလ်) | ၁၀၇-၁၁၄ |
| ရာသီတုပ်ကွေးရောဂါ | ဒေါက်တာခင်မောင်လွင် | ၁၁၅-၁၁၈ |
| အာဆီယံနှစ် ၅၀ ခရီး | တက္ကသိုလ်ဟန်စိုးဦး | ၁၁၉-၁၃၂ |
| နိုင်ငံတကာအကြမ်းဖက်မှုအန္တရာယ်များ | ကိုကိုလှိုင် | ၁၃၃-၁၄၂ |

**အပိုင်း (၃)**

| | | |
|---|---|---|
| ၂၀၁၇ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်)<br>အက္ခရာစဉ်အညွှန်း | | ၁၄၅ |